**■ ဘက်စုံခြုံငုံမိသော စိမ်းလန်းဧရိယာဆိုင်ရာ မဟာဗျူဟာချမှတ်ရန် -** စိမ်းလန်းဧရိယာဆိုင်ရာ မဟာဗျူဟာသည် မြို့ပြစိမ်းလန်းဧရိယာများနှင့် မြို့ပြစီမံခန့်ခွဲမှုအတွက် အရေးကြီးသောနည်းလမ်းတစ်ခုဖြစ်ပြီး ပန်းခြံအသစ်များ တည်ဆောက်ခြင်းနှင့် လက်ရှိပန်းခြံများအား မြို့နေလူထု လက်လှမ်းမှီနိုင်ခြင်းကို ပိုမို ကောင်းမွန်စေရန်အတွက် ရေရှည်တွင် လမ်းညွှန်ပေးမည့်ဗျူဟာဖြစ်သည်။ ထို့ကြောင့် တည်ရှိနေပြီးသား ပန်းခြံများအား ထိန်းသိမ်းကာကွယ်နိုင်ရန်၊ မြို့နေလူထုအတွက် လွယ်ကူစွာ အသုံးပြုနိုင်စေရန်တို့အပြင် နောင်အနာဂတ်တွင်ဖြစ်ပေါ်လာမည့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရှိသင့်သည်ဟု ချမှတ်ထားသော စိမ်းလန်းဧရိယာအချိုး ထည့်သွင်းစဉ်းစားရန်၊ ပန်းခြံ အနည်းငယ် သို့မဟုတ် လုံးဝမရှိသောနေရာများတွင် စိမ်းလန်း ဧရိယာများ တိုးပွားစေနိုင်သော အခွင့်အလမ်းများအား ရှာဖွေရန်အတွက် စိမ်းလန်း ဧရိယာမဟာဗျူဟာတစ်ခု ရေးဆွဲသင့်ပါသည်။ ထို့အတူ မဟာဗျူဟာအားရေးဆွဲရာတွင် မြို့နေလူထု၏ လိုအပ်ချက်နှင့် ဦးစားပေးအမြင်များနှင့် မြို့တစ်မြို့အတွက် မြို့ပြစိမ်းလန်းဧရိယာများ၏ အဓိပ္ပါယ်၊ တန်ဖိုးနှင့် အရေးပါမှုတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

**■ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်း အဖွဲ့များ နှင့် ဌာနများအကြား ပိုမိုထိရောက်သော ပူးပေါင်း ဆောင်ရွက်မှုမှတစ် ဆင့် မြို့ပြစီမံခန့်ခွဲခြင်းကို မြှင့်တင်ရန် -** မြို့ နယ်အဆင့်များတွင် ဌာနခွဲ များစွာ ရှိနေခြင်း၊ ရှင်းလင်းသည့် တာဝန်ခန့်အပ်ခွဲဝေမှုမရှိသော ကော်မတီ အများအပြားရှိနေ ခြင်းကြောင့် အောက်ခြေအဆင့် ပူးပေါင်း ဆောင်ရွက်နိုင်မှုနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မှုသည် ရန်ကုန်စည်ပင်သာ ယာရေးလုပ် ငန်းအတွက် အဓိကစိန်ခေါ်ချက်တစ်ခုဖြစ်နေသည်။ ထို့ကြောင့် မြို့ပြစိမ်းလန်းဧရိယာများ စီမံခန့်ခွဲခြင်းနှင့် မြို့နေလူထုလိုအပ် ချက်ကို ပို၍ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဌာနများနှင့် လုပ်ငန်း အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သင့်ပြီး ဌာန တစ်ခုနှင့်တစ်ခုအကြား တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ပေးထားသင့်ပါသည်။

**■ အများပြည်သူပါဝင်နိုင်မှုကို ဖော်ဆောင်ရန် -** ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးနှင့် မြို့ပြစိမ်းလန်းဧရိယာများ စီမံခန့်ခွဲခြင်းတို့တွင် အများပြည်သူများ၏ သဘောထားအသံများကို လုံလောက်စွာ ထင်ဟပ် နိုင်ရေးတွင် လိုအပ်ချက်များ ရှိနေသေးသည်။ မြို့ပြစီမံခန့်ခွဲမှုပြုလုပ်ရာတွင် ပြည်သူများကို ပါဝင်စေခြင်းသည် ပြည်သူနှင့် အစိုး ရအကြား မကျေလည်မှုများ ကာကွယ်ပေးခြင်း၊ ပြည်သူ့ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများအပေါ်တွင် အများပြည်သူ၏ ယုံ ကြည်မှုကို တိုးတက်စေခြင်းအားဖြင့် ဒီမိုကရေစီကို အားကောင်းစေသည်။ ထို့ကြောင့် ရန်ကုန်မြို့ပြစီမံကိန်းများအားလုံးတွင် အသက်အရွယ်၊ ကျား/မ၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းနှင့် အခြားသော လူမှုရေးခွဲခြားမှုများ မရှိစေဘဲ သဘောထားများ၊ အမြင်များ၊ ဆွေးနွေးမှုများပြုလုပ်နိုင်သော အများပြည်သူပါဝင်နိုင်မှုကို ကျင့်သုံးသင့်ပါသည်။ မြို့နေလူထုပါဝင်မှုကို အလုပ်ရုံဆွေးနွေးပွဲ များ၊ အစည်းအဝေးများ၊ လူထုတွေ့ဆုံပွဲများ၊ ဖိုရမ်နှင့် စုဝေးပွဲများ ပြုလုပ်ခြင်းအားဖြင့် မြှင့်တင်နိုင်ပါသည်။ ထို့ပြင် ရေဒီယို၊ ပုံနှိပ် မီဒီယာများ (မဂ္ဂဇင်း၊ လက်စွဲစာအုပ်များ၊ လက်ကမ်းစာစောင် များ)၊ ဝဘ်ဆိုဒ်၊ သစ်ဆန်းသော ဖျော်ဖြေပွဲများနှင့် SMS ကဲ့သို့ မျိုးစုံသော ဆက်သွယ်ရေး နည်းလမ်းများကို အသုံးပြုသင့်ပါသည်။

အများပြည်သူပါဝင်နိုင်မှုသည် သေးငယ်ပြီး လူထုဦးဆောင်သော စီမံကိန်းများအားဖြင့် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေရန် အထောက်အကူ ပြုသည်။ မကြာခင်က အိမ်နောက် ဖေးလမ်းကြားကို အနားယူရန် နေရာအဖြစ် ပြောင်းလဲခြင်းကဲ့သို့သောစီမံကိန်းသည် အများပြည်သူပါဝင်မှုအားဖြင့် စွန့်ပစ်ထားပြီး အသုံးပြုခြင်းမခံရသော မြို့ပြနေရာများတွင် စိမ်းလန်းဧရိယာများ ဖန်တီးခြင်းအတွက် ဥပမာဖြစ်သည်။ ပြည်သူများပါဝင်မှုဖြင့် ပန်းခြံများတိုးတက်လာရန် သေးငယ်ပြီး ပြုလုပ်နိုင်သောအရာများကို ဖော်ထုတ်နိုင်သည့်အပြင် ကုန်ကျစရိတ် သက်သာစွာဖြင့်လည်း အကောင်အထည်ဖော်နိုင်သည်။ ဥပမာ -

- အရိပ်ရအပင်များစိုက်ခြင်း
- အားကစားဆိုင်ရာ ပစ္စည်းများ၊ ကစားကွင်းများနှင့် သာမန်လေ့ ကျင့်ခန်းဆိုင်ရာစက်ကိရိယာများတပ်ဆင်ခြင်း
- အမှိုက်ပုံး၊ မီး နှင့် ထိုင်ခုံများထားရှိခြင်း
- အိမ်သာအသုံးပြုခကဲ့သို့သော ပန်းခြံအတွင်းရှိ ပစ္စည်းများ အသုံး ပြုခကို ဖယ်ရှားပေးခြင်း
- ပွဲတော်များကျင်းပခြင်း တို့ဖြစ်သည်။


ကျမ်းကိုးစာရင်း

Yangon City Development Committee (YCDC). (2016). Comprehensive Development of Yangon: Basic Data and Recommendations. Yangon: YCDC

Baharash Architecture. (2018, May 30). Liveable cities: How much green space does your city have? Retrieved January 22, 2019, from https://www.baharash.com/liveable-cities-how-much-green-space-does-your-city-have/



For further information,
please contact us at: anotherdevelopment.office@gmail.com &
find us at: www.anotherdevelopment.org.



This Policy Briefing was
contributed by **Yay Chann,**
and edited by **KIVU International (UK).**


**မူဝါဒဆိုင်ရာအကျဉ်းချုပ်စာတမ်း**

another development



The City Hall and Sule Pagoda as seen from Maha Bandula Park (Photo: U Zaw Nai)

# ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများ

## ပြည်သူအားလုံးအတွက် ပိုမိုစိမ်းလန်းသောမြို့အား ဖော်ဆောင်ခြင်း



ရန်ကုန်မြို့ရှိ လူတစ်ဦးချင်းစီအတွက် အသုံးချနိုင်သည့် စိမ်းလန်းဧရိယာအကျယ်အဝန်းမှာ နှစ်ပေါင်း (၂၅)နှစ် အတွင်း (၄၀) ရာခိုင်နှုန်းနီးပါး ကျဆင်းသွားခဲ့သည်။ စိမ်းလန်းဧရိယာများအတွက် သင့်လျော်သော အလေးပေးစဉ်းစားခြင်း မရှိပါက လူဦးရေတိုးပွားလာခြင်း၊ စီးပွားရေးတိုးတက်လာခြင်းနှင့်အတူ စိမ်းလန်းဧရိယာများ လျော့နည်းလာခြင်းမှာ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပါသည်။

ယခုစာတမ်းတွင် ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများနှင့် သက်ဆိုင်သော စိန်ခေါ်မှုများကို နားလည်သဘောပေါက်ရန်နှင့် ၎င်းတို့ကို ဖြေရှင်းနိုင်ရန်အတွက် သုတေသနအခြေပြု မူဝါဒဆိုင်ရာ အကြံပြုချက်များကို ဖော်ပြထားပါသည်။ ဤအကျဉ်းချုပ်စာတမ်းတွင် ပြောင်းလဲမှုများ ဖော်ဆောင်ရာ၌ အတားအဆီးဖြစ်စေသော လက်တွေ့စိန်ခေါ်မှုများကို ဖော်ပြထားပြီး၊ ဒေသအဆင့် အကောင်အထည်ဖော်နိုင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်ရန်အတွက် ဘက်စုံခြုံငုံမိသော မဟာဗျူဟာနှင့်တကွ ပြည်သူပူးပေါင်းပါဝင်မှုကို အလေးပေးဆောင်ရွက်ရန် အကြံပြုထားပါသည်။


၎င်းအကြံပြုချက်များမှာ -

- ■ စိမ်းလန်းဧရိယာဆိုင်ရာ မဟာဗျူဟာချမှတ်ရန် - ပန်းခြံအသစ်များတိုးချဲ့တည်ဆောက်ခြင်းနှင့် လက်ရှိပန်းခြံများကို အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ရေရှည်စီမံခန့်ခွဲခြင်းအတွက် လမ်းညွှန်ပေးနိုင်မည်ဖြစ်သည်။
- ■ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းအဖွဲ့များနှင့် ဌာနများအကြား ပိုမိုထိရောက်သော ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မြို့ပြစီမံခန့်ခွဲခြင်းကို မြှင့်တင်ရန် - မြို့ပြစိမ်းလန်းဧရိယာဆိုင်ရာ စီမံခန့်ခွဲမှု ကောင်းမွန်လာစေမည်ဖြစ်ပြီး မြို့နေလူထုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။
- ■ အများပြည်သူပါဝင်နိုင်မှုကို ဖော်ဆောင်ရန် - မြို့ပြစီမံခန့်ခွဲမှုတွင် ပြည်သူများပါဝင်ခြင်းက ဒီမိုကရေစီကို အားကောင်းလာစေပြီး အစိုးရနှင့် ပြည်သူအကြား မပြေလည်မှုများကို ကူညီဖြေလျှော့ပေးနိုင်မည့်အပြင် အစိုးရအဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကို ပိုမိုကောင်းမွန်လာစေပါသည်။

အာရှမြို့ကြီးများမှ စိမ်းလန်းဧရိယာများ



ကိုးကား - အာရှအစိမ်းရောင်မြို့အညွှန်း

မြို့ကြီးများရှိ မြို့ပြနေလူမှုရပ်ဝန်း၏ နေထိုင်မှုဘဝအရည်အသွေးအတွက် စိမ်းလန်းဧရိယာများ ရှိနေခြင်းသည် အဓိကအရေးပါနေသည်။ တစ်ဦးချင်း၏ ကျန်းမာရေး၊ ရောဂါဘယကင်းဝေးရေး၊ သဘာဝနှင့် ထိတွေ့မှုမှစ၍ ရာသီဥတုအပြောင်းအလဲ၊ မြို့၏ဂုဏ်ဆောင်နိုင်မှု၊ စီးပွား ရေးတိုးတက်မှု၊ ခရီးသွားလုပ်ငန်း၊ မြို့၏ကြွန်အင်လက္ခဏာနှင့် ယဉ်ကျေးမှု အစဉ်အလာများထိတိုင်အောင် အကျိုးပြုသက်ရောက်မှုများရှိနေသည်။ သို့သော်လည်း ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

ယခုစာတမ်းတွင် စိမ်းလန်းဧရိယာနှင့်သက်ဆိုင်သော စိန်ခေါ်မှုများကို နားလည်သဘောပေါက်ရန်နှင့် ၎င်းတို့ကို ကျော်လွှားနိုင်ရန် သုတေသနအခြေပြု မူဝါဒဆိုင်ရာ အကြံပြုချက်များကို ဖော်ပြထားပါသည်။

## ဖိအားများနှင့် ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများ

ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများသည် လူဦးရေတိုးပွားလာမှု၊ စီးပွားရေးတိုးတက်လာမှုနှင့် လျင်မြန်သော မြို့ပြဖြစ်ထွန်းမှုတို့ကြောင့် တဖြည်းဖြည်း လျော့နည်းလာပြီဖြစ်သည်။ လူတစ်ဦးချင်းစီအတွက် အသုံးချနိုင်သည့် စိမ်းလန်းဧရိယာအကျယ်အဝန်းမှာ ၂၅ နှစ် အတွင်း ၄၀ ရာခိုင်နှုန်းအထိ လျော့နည်းလာပြီဖြစ်သည်။ ၁၉၉၀ ခုနှစ်တွင် လူတစ်ဦးချင်းစီအတွက် အသုံးပြုနိုင်သည့် စိမ်းလန်းဧရိယာမှာ ၃၀.၅ စတုရန်းပေအထိရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၄.၄ စတုရန်းပေအထိ လျော့နည်းသွားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကမူ မြို့တစ်မြို့တွင် လူတစ်ဦးအတွက် ၁၀၀ စတုရန်းပေခန့်အထိ ရှိသင့်သည်ဟု ဆိုထားသည်။

လူဦးရေတိုးပွားလာခြင်းသည်အဓိကတွန်းအားတစ်ခုဖြစ်နေသည်။ ၁၉၉၀ ခုနှစ်တွင် လူဦးရေ ၂.၉ သန်း ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၅.၂ သန်းအထိ နှစ်ဆခန့် တိုးပွားလာခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၇ သန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် လူတစ်ဦးချင်းစီအတွက် အသုံးပြုနိုင်သော စိမ်းလန်းဧရိယာများ တိုးပွားလာစေရန် အရေးယူဆောင်ရွက်မှု မရှိပါက ပိုမိုလျော့နည်းလာမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့တွင်းရှိ ပန်းခြံအရေအတွက်မှာ မြို့နေလူထု အသုံးပြုရန် လိုအပ်နေမှုနှင့် ပြည့်မီရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ ရန်ကုန်မြို့တွင် ပန်းခြံအရေအတွက်မှာ စုစုပေါင်း ၆၃ ခုရှိနေပါသည်။ အကျယ်အဝန်းမှာ ၅၂၂ ဧက ရှိရာ လူတစ်ချင်းစီအတွက် အသုံးပြုနိုင်သည့် စိမ်းလန်းဧရိယာမှာ ၄.၄ စတုရန်းပေရှိသည်။ ထို့အပြင် ပန်းခြံများပျံ့နှံ့နေမှုမှာ ညီမျှမှုမရှိသေးသည်ကိုလည်း တွေ့ရသည်။ ပန်းခြံစုစုပေါင်းအရေအတွက်၏ တစ်ဝက်နီးပါးသည် ဗဟို စီးပွားရေးဇုန်နှင့် ရန်ကုန်မြို့အတွင်းပိုင်းဇုန်အတွင်း တည်ရှိနေသည်။ ပန်းခြံတစ်ခုသာရှိသောမြို့နယ် ၇ မြို့နယ်ရှိနေပြီး၊မြို့နယ် ၉ မြို့နယ် (လသာ၊ လမ်းမတော်၊ တာမွေ၊ ဆိပ်ကမ်း၊ ဒေါပုံ၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒဂုံဆိပ်ကမ်းမြို့နယ်) တို့တွင် ပန်းခြံမရှိသေးသည်ကိုတွေ့ရသည်။

ရန်ကုန်စည်ပင်သာယာရေးကော်မတီ၏ စာရင်းများအရ ၂၀၁၈ စက်တင်ဘာနှင့် အောက်တိုဘာလတွင် ပန်းခြံသို့ လာရောက်လည်ပတ်သူ စုစုပေါင်း တစ်လလျှင် တစ်သန်းကျော် အထိရှိနေသည်။ ဤအချက်မှာ မြို့နေလူထုက စိမ်းလန်းဧရိယာအား လိုအပ်နေမှုကို ဖော်ပြနေသည်။

ထို့အပြင် ပုဂ္ဂလိကကုမ္ပဏီများက စိမ်းလန်းဧရိယာများကို စီးပွားရေးဆိုင်ရာစီမံကိန်းများအဖြစ် လက်လွှဲလုပ်ကိုင်မှုများလည်း ရှိသည်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်တွင် ၄၄.၅ ဧကအကျယ်ရှိ မြကျွန်းသာပန်းခြံနှင့် ၂၀၁၅ ခုနှစ်တွင် ၁၀ ဧကရှိ ကန်သာယာပန်းခြံများကို စီးပွားရေးနှင့်ဆိုင်သော ဆောက်လုပ်ရေးစီမံကိန်းများအတွက် ခွင့်ပြုပေးခဲ့သည်ကို တွေ့ရသည်။

## မူဝါဒဆိုင်ရာအကြံပြုချက်များ

- ဘက်စုံခြုံငုံမိသော စိမ်းလန်းဧရိယာဆိုင်ရာ မဟာဗျူဟာချမှတ်ရန်
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းအဖွဲ့များ နှင့် ဌာနများအကြား ပိုမိုထိရောက်သော ပူးပေါင်း ဆောင်ရွက်မှုမှတစ်ဆင့် မြို့ပြစီမံခန့်ခွဲခြင်းကို မြှင့်တင်ရန်
- အများပြည်သူပါဝင်နိုင်မှုကို ဖော်ဆောင်ရန် -

စိမ်းလန်းဧရိယာများ၏ အရေးပါမှုကို ပိုမိုအသိအမှတ်ပြုလာကြပြီဖြစ်သည်။ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၏ မျှော်မှန်းချက် တစ်ခုမှာ မြို့နယ်တိုင်းတွင် ပန်းခြံတစ်ခုစီရှိရန် ဖြစ်သည်။ ရန်ကုန်မြို့ပြအမွေ အနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကလည်း အများပြည်သူဆိုင်ရာ ပန်းခြံများကို ကာကွယ်ရန်နှင့် တိုးချဲ့ရန် အကြံပြုချက်များစွာ ပေးထား ပြီး ဖြစ်သည်။ သို့သော် စိန်ခေါ်မှုတစ်ရပ်မှာ မြေပြင်၌ လက်တွေ့အ ကောင်အထည်ဖော်ခြင်းဖြစ်သည်။ ထို့ကြောင့် မြို့တော်တစ်ခုလုံးကို လွှမ်းခြုံထားသည့် ဗဟာဗျူဟာကို မြို့နေလူထုပူးပေါင်းပါဝင်နိုင်သော ပိုမိုကျစ်လစ်ပြီး လက်တွေ့ပိုဆန်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပေါင်း စပ်ရန် အကြံပြုတိုက်တွန်းပါသည်။